ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန
လိုက်နာကျင့်သုံးရန်သတ်မှတ်ချက်
အမှတ်၊ ၁ / ၂၀၂၂

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်
(၂၀၂၂ ခုနှစ်၊ ဇွန် လ ၉ ရက်)

**ပင်ရင်းမှနုတ်ယူပေးသွင်းရမည့်ဝင်ငွေခွန် (Withholding Tax - WT) နှင့် စပ်လျဉ်း၍ လိုက်နာရမည့်တာဝန်များ သတ်မှတ်ခြင်း**

၁။ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၅၁၊ ပုဒ်မခွဲ (ဂ) ပါ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ပနေနိုင်ငံခြားသား (Non-resident foreigner) အား ငွေပေးချေသည့်အခါ ပင်ရင်းမှနုတ်ယူပေးသွင်းရမည့်ဝင်ငွေခွန် (Withholding Tax - WT) နုတ်ယူပေးသွင်းသည့် ကိစ္စနှင့်စပ်လျဉ်း၍ ရှင်းလင်းစွာသိရှိနိုင်စေရန်အတွက် ဤလိုက်နာကျင့်သုံးရန် သတ်မှတ်ချက်ကို ထုတ်ပြန်ရခြင်းဖြစ်သည်။

၂။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် လိုက်နာကျင့်သုံးရန်သတ်မှတ်ချက်အမှတ်၊ ၂ / ၂၀၂၀ ကို ထုတ်ပြန်၍ ပြည်ပနေနိုင်ငံခြားသားများထံမှ ဝန်ဆောင်မှုရယူရာ၌ အမေရိကန်ဒေါ်လာ ၁၀၀,၀၀၀ အောက် (WT - အမေရိကန်ဒေါ်လာ ၂၅၀၀) သို့မဟုတ် ယင်းတန်ဖိုးနှင့်ညီမျှသော အခြားငွေကြေးဖြင့် စာချုပ်ချုပ်ဆိုသည့် ကိစ္စများအတွက် ငွေပေးချေရာတွင် ပင်ရင်းမှနုတ်ယူပေးသွင်းသည့်ဝင်ငွေခွန်အား နုတ်ယူပေးသွင်းရန် လို/မလို ကို စိစစ်ရာ၌ အခွန်ထမ်းကိုယ်တိုင်အခွန်စည်းကြပ်သည့်စနစ် ကျင့်သုံးသော အခွန်ထမ်းများအနေဖြင့် ပြည်တွင်းအခွန်များဦးစီးဌာနသို့ အထောက်အထားများတင်ပြ၍ အတည်ပြုချက် ရယူရန် လိုအပ်မည်မဟုတ်ဘဲ အခွန်ထမ်းကိုယ်တိုင် စိစစ်၍ ဆောင်ရွက်စေခဲ့ပါသည်။

၃။ ထိုသို့ အခွန်ထမ်းကိုယ်တိုင် စိစစ်ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံနှင့် အခွန်နှစ်ထပ်မကျသင့်စေရေး သဘောတူညီမှုစာချုပ် (ADTA) ပါ ပြဋ္ဌာန်းချက်များ၊ အမိန့်ကြော်ငြာစာအမှတ်၊ ၄၇ / ၂၀၁၈ ပါ ပြဋ္ဌာန်းချက်များနှင့် လိုက်နာကျင့်သုံးရန် သတ်မှတ်ချက်အမှတ်၊ ၂ / ၂၀၂၀ အပေါ် နားလည်မှုလွဲမှားစွာ အဓိပ္ပါယ် သတ်မှတ်ခြင်းများကြောင့် ငွေပေးချေချိန်၌ ဝင်ငွေခွန်နုတ်ယူပေးသွင်းရန်ပျက်ကွက်ခြင်း၊ ဝင်ငွေခွန်နုတ်ယူပေးသွင်းရာတွင်လည်း ဝင်ငွေခေါင်းစဉ်များကို လွဲမှားစွာနုတ်ယူပေးသွင်းခြင်း၊ အမေရိကန်ဒေါ်လာ ၁၀၀,၀၀၀ အောက် စာချုပ်တန်ဖိုးရှိသည့် ကိစ္စရပ်များအပေါ် ဝင်ငွေခွန်ကင်းလွတ်ခွင့်ရရှိသကဲ့သို့ ယူဆကာ နုတ်ယူပေးသွင်းရမည့်ဝင်ငွေခွန်ကို နုတ်ယူပေးသွင်းမှုမရှိခြင်း စသည့်အခြေအနေများ ဖြစ်ပေါ်လျက်ရှိပါသည်။

၄။ သို့ဖြစ်ပါ၍ အခွန်ထမ်းများအနေဖြင့် ပြည်ပနေနိုင်ငံခြားသား (Non-resident foreigner) သို့ ငွေပေးချေသည့်အခါ ပင်ရင်းမှနုတ်ယူပေးသွင်းရမည့်ဝင်ငွေခွန် (WT) နုတ်ယူပေးသွင်းသည့်ကိစ္စနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအခွန်ရုံးများသို့ အထောက်အထားများတင်ပြ၍ အတည်ပြုချက်ရယူဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

၅။ ပြည်တွင်းအခွန်များဦးစီးဌာန၏ ၃-၉-၂၀၂၀ ရက်စွဲပါ လိုက်နာကျင့်သုံးရန်သတ်မှတ်ချက် အမှတ်၊ ၂ / ၂၀၂၀ အား ဤလိုက်နာကျင့်သုံးရန်သတ်မှတ်ချက်ဖြင့် ပယ်ဖျက်လိုက်သည်။

(မင်းထွဋ်)
ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ ၁(၂)/ ဥစ-၁/ ပတခ/ ၂၀၂၂ (၄၆၅၆)
ရက် စွဲ ၊ ၂၀၂၂ ခုနှစ်၊ ဇွန် လ ၉ ရက်

**ဖြန့်ဝေခြင်း**

မြန်မာနိုင်ငံစာရင်းကောင်စီ

ညွှန်ကြားရေးမှူးချုပ်၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံပေးပို့ပါသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ်(အားလုံး)၊ ပြည်တွင်းအခွန်များဦးစီးဌာန

ဌာနခွဲညွှန်ကြားရေးမှူး(အားလုံး)၊ ပြည်တွင်းအခွန်များဦးစီးဌာန

ဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး
ဌာနမှူး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ
အခွန်ရုံး (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)
တိုင်းဒေသကြီး/ ပြည်နယ်အခွန်ဦးစီးဌာနမှူးအားလုံး
ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး (နေပြည်တော်)
} သက်ဆိုင်ရာအခွန်ထမ်းများကို အသိပေးရှင်းလင်းရန် ညွှန်ကြားပေးပို့ပါသည်။

မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း

မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

မိတ္တူကို

ရုံးလက်ခံ

မျှောစာတွဲ